## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ (၂၅-၉-၂၀၂၆)
## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁ | **ဦးညွန့်ဝင်း၊ မြစ်ကြီးနားမဲဆန္ဒနယ်**က မန္တလေး-မြစ်ကြီးနား သွား/ပြန် လေယာဉ်ခရီးစဉ်များ တိုးချဲ့ပေးရန်နှင့် လေယာဉ်ခ မှောင်ခိုဈေးကွက်အား ထိန်းချုပ်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာန**က တစ်ရက်လျှင် လေကြောင်းလိုင်း (၂)ကြိမ် ပြေးဆွဲရာမှ တစ်ပတ်လျှင် (၁၆)ကြိမ် တိုးချဲ့ပြေးဆွဲပေးလျက်ရှိပါကြောင်းနှင့် လေယာဉ်လက်မှတ်ခနှုန်းထားအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချသည့်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂ | **ဦးစန်းမောင်၊ ဘိုကလေးမဲဆန္ဒနယ်**က တောင်သူများအတွက် လယ်ယာလုပ်ငန်းသုံး စက်သုံးဆီများကို ဆီဆိုင်များမှ ဆီဝယ်စာအုပ်များဖြင့် ဝယ်ယူရောင်းချပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က ဆီစာအုပ်များအသုံးပြု၍ ဝယ်ယူရောင်းချပေးရန် အစီအစဉ်မရှိသေးသော်လည်း ပြည်တွင်းထုတ်စက်သုံးဆီများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၃ | **ဦးထွန်းလွင်၊ ချောင်းဦးမဲဆန္ဒနယ်**က ချောင်းဦးမြို့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် အမှုထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က (၃၅x၉၀)ပေ မြေကွက်လပ်တွင် ၄ ခန်းတွဲ ၂ ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးနိုင်ရေး ၂၀၂၇ -၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၄ | **ဦးကိုကိုဦး၊ ချမ်းမြသာစည်မဲဆန္ဒနယ်**က ချမ်းမြသာစည်မြို့နယ်၊ တန်ဖိုးနည်းအိမ်ရာအတွင်း ရပ်ကွက်ကြီး (၁၅)ရပ်ကွက်အဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က မြို့နယ်တွင် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားလုပ်ငန်းများအား အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ၍ ရပ်ကွက်အသစ်တစ်ခု ထပ်မံတိုးချဲ့ ဖွဲ့စည်းရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၅ | **ဦးမျိုး (ခ) ဦးမျိုးအောင်၊ ပြည်မဲဆန္ဒနယ်**က ပေါက်ခေါင်းမြို့နယ်ရှိ မြို့နယ်မီးသတ်စခန်း၌ ဝန်ထမ်းလိုင်းခန်းအား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က (၁၀၀x၄၀x၃၂)ပေ (၄)ခန်းတွဲ ၃ ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လျာထားတင်ပြဆောင်ရွက်မည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၆ | **ဦးဇော်နိုင်၊ စလင်းမဲဆန္ဒနယ်**က စလင်းမြို့နယ်၊ တောစိမ့်ကျေးရွာအုပ်စု၊ တောစိမ့်အနောက်ဖက် ဦးပိုင်ရှိ ယာမြေပေါ်တွင် ကျေးရွာအမည်မရှိသော ရွာအား "ချမ်းငြိမ်းအေးသာယာရွာ" အဖြစ် အမည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး ခွင့်ပြုပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၇ | **ဦးလှဝင်းဦး၊ ပခုက္ကူမဲဆန္ဒနယ်**က ပခုက္ကူမြို့၊ ကျွဲတဲကျေးစု၊ ဦးပိုင်အမှတ် (၃၀-ခ)ရှိ မြေဧရိယာ (၆၄.၂၂)ဧကအား မြေလိုအပ်ချက်ရှိနေသည့် ဌာနဆိုင်ရာများ အသုံးပြုနိုင်ရေးအတွက် ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က အသုံးပြုလိုသည့်ဝန်ကြီးဌာနများအနေဖြင့် ညွှန်ကြားချက်နှင့်အညီ နိုင်ငံတော်သမ္မတထံ တင်ပြလျှောက်ထားပြီး ခွင့်ပြုချက်ရရှိပါက ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၈ | **ဦးကိုကိုသင်း၊ ကမာရွတ်မဲဆန္ဒနယ်**က ရန်ကုန်မြို့ပြအတွင်း BOT စနစ်ဖြင့် ယာဉ်ရပ်နားစခန်းများတည်ဆောက်ခြင်း၊ လမ်းဘေးဈေးသည်များအား နေရာချထားပေးခြင်းနှင့်စပ်လျဉ်း၍ မည်သို့ဖြေရှင်းပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က ယာဉ်ရပ်နားစခန်းနှင့် ရပ်ဝန်းများ ၁၈ နေရာဆောင်ရွက်ပြီးဖြစ်၍ BOT စနစ်ဖြင့် ယာဉ်ရပ်နားစခန်းများ တည်ဆောက်ရန် လတ်တလော အစီအစဉ်မရှိသေးပါကြောင်းနှင့် လမ်းဘေးဈေးသည်များ၏ ဈေးရောင်းချမှုကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၉ | **ဦးကျော်မြင့်နိုင်၊ နောင်ချိုမဲဆန္ဒနယ်**က နောင်ချိုမြို့ရှောင်လမ်းစီမံကိန်းနှင့်ပတ်သက်၍ မည်သို့လျာထား စီမံထားသည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က မြို့ရှောင်လမ်းစီမံကိန်းအား ဂုတ်ထိပ်တံတားအသစ် တည်ဆောက်ချိန်တွင် တစ်ပါတည်း ဆောင်ရွက်ရမည်ဖြစ်၍ လတ်တလော ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၁၀ | **ဦးကျော်သန်း၊ မာန်အောင်မဲဆန္ဒနယ်**က မာန်အောင်မြို့နယ်၊ ဇရပ်ကုန်းခင်ရွာမှ မျှော်တော်ဦးအထိ လမ်းအား ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် မြှင့်တင်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ကျောက်ခင်းလမ်း ၄ ဖာလုံအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားသွားမည်ဖြစ်ပြီး ကျန်လမ်းပိုင်းများအား ကွန်ကရစ်လမ်းအဖြစ် နှစ်အလိုက် ဆက်လက်လျာထားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၁၁ | **ဦးကျော်မင်းထွန်း၊ ဖီးကုန်းမဲဆန္ဒနယ်**က ဖီးကုန်းမြို့နယ်နှင့် ကျေးရွာချင်းဆက်လမ်းဖြစ်သော ဖီးကုန်း-သင်ကန်-ရွှေဖလားလမ်း၊ ရွှေကြို့ပင်မှ ရွှေဖလားကျေးရွာထိ ကွန်ကရစ်လမ်းအား မည်သည့်အချိန်တွင် အဆင့်မြှင့်တင်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ပျက်စီးနေသည့် ကျောက်လမ်း ၂ ဖာလုံပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားပြီး ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၁၂ | **ဦးဇော်မင်း၊ ကျုံပျော်မဲဆန္ဒနယ်**က ကျုံပျော်မြို့နယ်၊ အောင်လံစုလမ်းဆုံမှ ကျုံတနီးရွာအထိ လမ်းပိုင်းအား ပြုပြင်ထိန်းသိမ်းမှု ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် အနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်း ၄.၅ဖာလုံအား ဆောင်ရွက်မည်ဖြစ်ပြီး ဖြည့်စွက်ရန်ပုံငွေတွင်လည်း ထပ်မံလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁၃ | **ဦးတင်ထွေး၊ အုတ်ဖိုမဲဆန္ဒနယ်**က အုတ်ဖိုနှင့် မိုးညိုမြို့နယ်များ ဆက်သွယ်ထားသည့် မြစ်မခမြစ်ကူးတံတား(တက်ဆွဲ)အား မည်သည့် ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က တံတားအရှည် ၂၆၀၀ ပေခန့်ရှိသည့် မြစ်ကူးတံတားကြီးအဆင့် တည်ဆောက်ရမည်ဖြစ်ပါ၍ လတ်တလော တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၁၄ | **ဦးမြင့်ကို၊ တနိုင်းမဲဆန္ဒနယ်**က တနိုင်းမြို့နယ်၊ နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းမပေါ်ရှိ ကောင်းရာကျေးရွာမှ ဂျာဘူတောင်အထိ ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်းမေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် အမာခံလမ်း ၆ ဖာလုံအား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပြီး ကျန်လမ်းပိုင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ရန်ပုံငွေထည့်သွင်း လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |